ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (29-10-2010) (၆၅၆)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## တူရကီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ဂူး(လ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီဆက် တေယစ် အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် အောက်တိုဘာ ၂၈**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃ (က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့် ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းလာရောက်တင်ပြခဲ့သဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် စုစုပေါင်းနိုင်ငံရေးပါတီ (၃၇)ပါတီသည် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်းများ တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဖွံ့ဖြိုးတိုးတက်လာသော ပြည်တွင်းပြည်ပ ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေး



ကျွန်တော့်အမေဘက်က တစ်ဦးတည်းသာကျန်ရှိတော့တဲ့ ဆွေမျိုးရင်းချာ ဘကြီးထံ မရောက်တာကြာလို့ ရုံးပိတ်ရက်မှာ အလည်သွားရောက်ခဲ့ပါတယ်။ ဆွေမျိုးချစ်တတ်တဲ့ဘကြီးဟာ အမျိုးတွေ အိမ်အလည်လာရင် ဝမ်းသာနေတတ်တဲ့သူဖြစ်တာမို့ နေ့စဉ် အိမ်အလည်လာမယ့်အမျိုးတွေကို မျှော်နေတတ်သူဖြစ်ပါတယ်။

ဘကြီးရဲ့အိမ်ပေါ် တက်လိုက်တာနဲ့ အိမ်ရှေ့ဧည့်ခန်းထိုင်ခုံမှာ လက်ထဲက သတင်းစာကိုင်ပြီးဖတ်လိုက်၊ ရုပ်မြင်သံကြားကြည့်လိုက်လုပ်နေတဲ့ ဘကြီးကို ကျွန်တော်တွေ့လိုက်ရပါတယ်။ ကျွန်တော်က နှုတ်ဆက်လိုက်တော့ ဝမ်းသာအားရဖြစ်ပြီး ဘကြီးမျက်နှာမှာ အပြုံးတွေဝေသွားတော့တာပါပဲ။ ဘကြီးဟာ နေ့စဉ်သတင်းစာတွေဖတ်၊ ရုပ်မြင်သံကြားသတင်းတွေ ကြည့်ရှုနေတတ်တာမို့ ဗဟုသုတရှိသူ တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ဦး ဧည့်ခန်းမှာထိုင်ပြီး စကားလက်ဆုံ ပြောမကုန်ဖြစ်နေရာမှ သတင်းစာနဲ့ ရုပ်မြင်သံကြားကို ဘကြီးကြည့်ရှုနေတာနဲ့ ပတ်သက်ပြီး မေးမြန်းဆွေးနွေးဖြစ်ခဲ့ပါတယ်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ■

**ရေကြောင်း၊ လေကြောင်း သွားလာရေး ဒေသအနှံ့ လျင်မြန်ချောမွေ့ လာလျက်ရှိရာ အနာဂတ် နိုင်ငံတော်အတွက် ပြည်သူတစ်ရပ်လုံး လူနေမှုအဆင့်အတန်း မြင့်မား . . .**

၂၉-၁၀-၂၀၁၀
(သောကြာနေ့)

# ဒီမိုကရေစီ နိုင်ငံတော်သစ် ဆန္ဒမဲပေးဖွင့်လှစ်

လူ့သမိုင်းသည် အခြေအနေနှင့် အချိန်အခါအပေါ် တည်မှီ၍ ဖြစ်ပျက်ပြောင်းလဲလျက်ရှိသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့သည် ခေတ်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဖြတ်သန်းကျော်လွှားခဲ့ရသော သမိုင်းခေတ် ရေစီးကြောင်းတွင် ခါးသီးသော အတွေ့အကြုံများ ရရှိခဲ့ဖူးသည်။ ယနေ့ကာလတွင် ပြည်သူအားလုံး ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အနှစ်သာရများ လွှမ်းခြုံရရှိခံစားနေကြပေပြီ။

ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရေးဆွဲပေါ်ထွန်းလာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်တည်နေပြီ။ ယင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး အဘက်ဘက်က စနစ်တကျ စီစဉ်ပေးထားပြီ။ သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေသတ်မှတ်ချက်များနှင့် ကိုက်ညီသော မဲဆန္ဒရှင်တိုင်းက မဲပေးနိုင်ရေး စိတ်စောလျက်ရှိကြသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့် ဖြစ်သကဲ့သို့ အခြေခံတာဝန်တစ်ရပ်လည်း ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ရပိုင်ခွင့်နှင့် တာဝန်ဟူသည် ဒွန်တွဲလျက်ရှိနေသည်။ လူတိုင်း ဒီမိုကရေစီရပိုင်ခွင့်များ ရရှိခံစားနိုင်ရေးအတွက် တာဝန်ပိုင်းဆိုင်ရာများကိုလည်း ကိုယ်စီကိုယ်င ထမ်းဆောင်ကြရပေမည်။

သို့သော် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို လက်မခံနိုင်သူအချို့က ရွေးကောက်ပွဲကို သပိတ်မှောက်ရေး သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေကြပြန်သည်။ အဆိုပါ အဖျက်အမှောင့်စကားများကို နားမယောင်ကြဖို့ အရေးကြီးသည်။ မိမိနိုင်ငံနှင့် ပြည်သူအတွက် မိမိတို့ကျရာတာဝန်ကို အလေးထားထုတ်ဖော်ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီနှင့် ထိုက်တန်သည့် နိုင်ငံသားတိုင်း၏ အခြေခံအကျဆုံး တာဝန်ကျေပွန်မှုကို ပြသခြင်း ဖြစ်ပေသည်။

မကြာမီ ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများက အတွေးအမြင်ရှင်းရှင်းဖြင့် မှန်မှန်ကန်ကန် မဲပေးကြရုံသာရှိသည်။ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုရှိသည့် ပါတီ၊ ဒီမိုကရေစီ အရှိန်အဟုန်မြှင့်တင်ပေးမည့်ပါတီ၊ အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပေးနိုင်ရေး အဆုံးအဖြတ် မှန်ကန်ကြရပေမည်။

ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရေး ဆန္ဒမဲပေး ရွေးချယ်ရေးသည် ပြည်သူတို့၏ အဆုံးအဖြတ်ဖြစ်သည်။ မိမိတို့ ရရှိထားသည့် ဒီမိုကရေစီ အခွင့်အလမ်းနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို အသိတရားဖြင့် တွေးခေါ် မြော်မြင်ဆင်ခြင်သုံးသပ် ဆုံးဖြတ်၍ ဆန္ဒမဲပေးကြရမည် ဖြစ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၀-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ အကပြိုင်ပွဲ
- ၈:၁၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၇။ "တက္ကစီမီတာသင်လိုရာ"
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ) ထက်မြက်ရေးတေးများ
- ၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်
- ၄:၅၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၁၅ ၈။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
- ၅:၃၀ ၉။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၃။ **"ဒီမိုမွေးနေ့" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"ဒီမိုမွေးနေ့" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)**
- ၁၉။ စိုက်ပျိုးစွမ်းအားမြှင့်တင်ဖို့ စိုက်ပျိုးရေးကိုထိန်းသိမ်းစို့
- ၂၀။ "လျှပ်တစ်ပြက်ဟာသများ"
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ)(အပိုင်း-၃၂)**
- ၂၂။ သီချင်းချစ်သူ (ဂျေညီမလေး)
- ၂၃။ အစီအစဉ်ပြီး၏။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးညဏ်ဝင်း တူရကီသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက် ဒါဗူတို ဂလူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၈

**ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ပြည်သူ့ဆောက်လုပ်ရေးရိပ်သာခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လားရှိုးခရိုင်နှင့် ကွမ်းလုံခရိုင်တို့မှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သိန်းနီ၊ မိုင်းရယ်နှင့် တန့်ယန်းမြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရွေးကောက်ပွဲနေ့မတိုင်မီ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ကိုကိုက ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ခရိုင်အလိုက် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် (၁၃၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ကြည်အောင် (ကေတုမတီ)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မြတ်ဘုန်း (တပ်ကုန်း)၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ မျိုးခိုင် (မူဆယ်)၊ မောင်သာချစ် (ဝက်လက်)၊ မောင်လွန်းမြိုင် (ပင်လယ်ဘူး)၊ သူရိန်ဝင်း (ဇီးကုန်း)၊ ညီသစ်ဆင်း (ညောင်ဦး)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ သာနိုင်အောင် (ကျိုက်မရော)၊ ဦးမြဝင်း(မြတ်မွန်)၊ မလေး (မုံရွာ)၊ ရာမည-သွေးမွန်၊ ညောင်ညိုပင်ကျော်ဝင်းတို့၏ ဝတ္ထုတို ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ နိုင်ငံ့ဂုဏ်ရည်သားစစ်သည်ကဏ္ဍ၊ စင်ကာပူခရီးသည်၊ ဗုဒ္ဓစာဥယျာဉ်၊ တန်ဆောင်တိုင်အထူးကဏ္ဍ၊ ကျောင်းသားလူငယ်ကဏ္ဍ၊ အင်တာဗျူး၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ မြန်မာစာ မြန်မာစကား၊ တိုင်းရင်းသားကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁)၊ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၅၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်သိပ္ပံရှေ့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စပါးမျိုးသစ်များ ရွေးချယ်အကဲဖြတ်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနကကြီးမှူး၍ တောင်သူများနှင့်အတူ စပါးမျိုးသစ်များ ရွေးချယ်အကဲဖြတ်ပွဲကို အောက်တိုဘာ ၁၇ရက် နံနက်က ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စပါးသီးနှံဌာနစုကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ဇေယျာသီရိမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်ရှိ စိုက်ပျိုးရေးဝန်ထမ်းများ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တောင်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ခံသုတေသနမှူး ဒေါ်တင်တင်မြင့်က အကဲဖြတ်ရွေးချယ်ပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သရုပ်ပြစမ်းသပ်ကွက်များနှင့် တောင်သူအဆင့်အထွက်ယှဉ်ပြိုင်ခြင်း၊ စိုက်ကွက်များတွင် စိုက်ပျိုးထားရှိသည့် စပါးမျိုးသန့် ၅၇မျိုးတို့ကို တောင်သူများကိုယ်တိုင်ကွင်းဆင်းလေ့လာ၍ ရွေးချယ်အကဲဖြတ်ရာ တောင်သူများ ကြိုက်နှစ်သက်သည့် စပါးမျိုး ကိုးမျိုးတို့ကို ရွေးချယ်ခဲ့ကြောင်းသိရှိရသည်။ (စိုက်/သု)

## ၁၉၇၄-၁၉၇၈ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၁၉၇၈ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲတို့ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် မှော်ရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ၀၉-၅၀၁၃၄၆၉၊ ဦးလှမောင်ရွှေ ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၀၉-၅၀၄၇၉၇၄၊ ဦးအောင်သူမြိုင် ဖုန်း-၀၉-၈၀၂၀၂၉၉၊ ဦးလှဝင်း ဖုန်း-၃၈၇၄၉၂၊ ၀၉-၅၁၆၁၄၈၁၊ မူမူရှိန် ဖုန်း-၇၃၀၉၈၀၉၇၊ ၀၉-၅၁၃၇၆၄၀၊ နွေနွေအောင် ဖုန်း-၀၉-၅၁၁၃၂၄၃၊ ၂၂၅၀၂၊ တင်တင်ဝင်း ဖုန်း-၂၅၆၉၈၉၊ ၃၈၃၈ ၀၂၃၊ မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ ၀၉-၅၁၄၆၄၄၇၊ သန်းသန်းနွယ် ဖုန်း-၆၆၈၅၉၂၊ ၀၉-၅၀၂၄၁၆၀နှင့် ခင်မလေး ဖုန်း-၆၄၂၈၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျူချောင်း(အရှေ့)ကျေးရွာ တွင်းတိမ်တူးဖော်ခြင်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

## တောင်ငူ(ဂျီတီအိုင်) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

တောင်ငူ(ဂျီတီအိုင်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် မရမ်းကုန်းမြို့နယ် (၈)မိုင် ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး သီးခြားဖိတ်စာမပို့ပါ၍ အလှူငွေထည့်ဝင်လိုသူများသည် ကိုနိုင်မင်းသူ ဖုန်း-၀၉-၅၀၅၉၉၈၉၊ မခင်မာလာထွန်း ဖုန်း-၀၉-၅၁၆၁၂၃၄၊ ကိုအေးကို ဖုန်း-၀၉-၅၁၃၀၆၁၅၊ ကိုတင်အောင်သန်း ဖုန်း-၀၉-၅၁၂၂၀၁၆၊ ကိုမြင့်နိုင် ဖုန်း-၅၁၁၄၂၆၂၊ မအေးအေးသိန်း ဖုန်း-၀၉-၅၁၃၈၁၈၇၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉-၅၁၉၅၁၉၄၊ ကိုထွန်းမြင့်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၃၀၄၊ ၀၉-၅၁၉၇၀၉၈၊ ကိုဇော်မြင့်ဦး ဖုန်း-၀၉-၅၁၉၃၉၃၁နှင့် ကိုခင်မောင်ဦး ဖုန်း-၀၉-၅၁၅၂၆၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



အောက်တိုဘာ ၂၅ရက်က မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီးတွင် အဖွဲ့ပိုင်ဈေးများ သားငါးရောင်းချမှုတွင် ယင်လုံဆန်ကာဖြင့် စနစ်တကျရောင်းချမှု၊ သန့်ရှင်းသပ်ရပ်မှု၊ အလေးချိန်ခွင် ပြည့်မီမှု ရှိ၊ မရှိ ဦးစီးအရာရှိ ဒု-ဦးစီးမှူး(ဈေး)နှင့် အဖွဲ့ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ပညာရည်ချွန်ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ပညာရည်ချွန်ဆု ရရှိကြသူများအား ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် ဗဟို အမှုဆောင် ကော်မတီဝင်များ၊ အလှူရှင် များ၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မောင်စိုးဇေယျာအောင်အား ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မကေကေသွယ်ဆန်းနှင့် မဆုသစ္စာစံ၊ လေးဘာသာ ဂုဏ်ထူးရှင် မောင်စိုးဇေယျာအောင်၊ မမြတ်ဆုသီ၊ မထက်ထက်လှိုင်၊ မောင်ညီညီဇော်နှင့် မမိုးမြတ်မေဇာခြည်၊ သုံးဘာသာဂုဏ်ထူးရှင် မဆုနွယ်နှင့် မောင်ထင်ပေါ်ဦးတို့အား ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ၄၈ သိန်းတန်ဖိုးရှိ ကြောင်နှစ်ကောင်စာပေမှ ထုတ်ဝေသည့် စာရေးဆရာ အထင်ကရ၏ စာအုပ် ၁၂ မျိုး၊ အုပ်ရေ ၄၈၀၀ ကို ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်)က ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းထံ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းပညာ သင်တန်း(၁/၂၀၁၀)မှ သင်တန်းသား၊ သင်တန်းသူများက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် အသုံးပြုနိုင်ရန် ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ပရိဂျက်တာနှင့် ဂါရဝပြုလက်ဆောင်တို့ကို ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာသာထွန်းဦးက ငွေကျပ် ၂၄၅၀၀၀၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်အေး (မောင်ဟေမာ) က ငွေကျပ် ၁၀ သိန်း၊ ပြန်ကြားရေးမှူး ဒေါ်နန်းကလျာဝင်း (ငွေသော်တာ) က ငွေကျပ် ၁၀ သိန်း၊ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်)က ငွေကျပ် ၄၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင်အဆိုပြုလွှာ ၁၀၂ စောင်ကို ကိုယ်စားလှယ်များက ပေးအပ်ကြရာ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လက်ခံသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မဆုသစ္စာစံအား ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

ထို့နောက် ဆုရရှိကြသူများ ကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မကေကေသွယ်ဆန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ဆုရရှိကြသူများနှင့် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

## စာအုပ်သစ်များ မိတ်ဆက်ပွဲနှင့်ကာတွန်းဇာတ်ကောင်များ အမှတ်တရရေးဆွဲပွဲ

**ရန်ကုန် အောက်တိုဘာ ၂၈**

တူဒေးစာအုပ်တိုက်ထုတ် စာအုပ်များဖြစ်သော တောပျော်လေးဘော်ဘော် ရောင်စုံဆေးခြယ်၊ ဂြိုဟ်သားကလေး မောင်ခချေး ရောင်စုံဆေးခြယ်၊ ဒိုးဒိုးရှုန်းရောင်စုံဆေးခြယ်နှင့် ငပြည့်ရုပ်ပြစာအုပ်များ မိတ်ဆက်ရောင်းချပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ရက်(စနေနေ့)တွင် တူဒေးစာအုပ်ဆိုင် အမှတ်(၂၄၅) ဂမုန်းပွင့်ကုန်တိုက်(မြေနီကုန်း)၌ မွန်းလွဲ ၂နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါနေ့တွင် စာအုပ်သစ်ဝယ်ယူသူတိုင်းကို အမှတ်တရစာအုပ်တစ်အုပ် လက်ဆောင်ပေးမည်ဖြစ်ပြီး ထိုစာအုပ်များ ရေးဆွဲထားကြသော ကာတွန်းဆရာများဖြစ်သည့် ကာတွန်းမောင်မောင်လေး၊ ကာတွန်းသစ်ထွဏ်းနှင့် ကာတွန်းနိုင်လင်းတို့က ကာတွန်းဇာတ်ကောင်များကို ရေးဆွဲပေးမည်ဖြစ်သောကြောင့် ကာတွန်းနှစ်သက်သူ မည်သူမဆို တက်ရောက်ဆင်နွှဲနိုင်သည်။ ထို့ပြင် ကလေးများနှင့်ပတ်သက်သည့် တူဒေးစာအုပ်တိုက်ထုတ် ကျန်းမာရေး၊ ပညာရေးနှင့် ဖျော်ဖြေရေးစာအုပ်များကိုလည်း ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## လူ့စွမ်းအားအရင်းအမြစ် လက်တွေ့စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ဆိုင်ရာ အခြေခံသဘောတရားများနှင့် လက်တွေ့အသုံးချ နားလည်တတ်မြောက်စေရန် လုပ်ငန်းခွင်၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော အရည်အချင်းရှိ ဝန်ထမ်းကောင်းများကို ရွေးချယ်ခန့်အပ်နိုင်စေရန်၊ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း အရည်အချင်းပြည့်ဝစွာနှင့် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရန်လိုအပ်သော အရည်အချင်းရရှိနိုင်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်၊ အရည်အချင်းပြည့်ဝသောဝန်ထမ်းများ လုပ်ငန်းခွင်တွင် တည်မြဲစေရေးအတွက် ဝန်ထမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့သဘောတရားများနှင့် စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ရာတွင် ဝန်ထမ်းများ၏ အရည်အချင်းအရေးပါပုံများကို ပိုမိုသိရှိ တတ်မြောက်စေရန် စသဖြင့် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းသို့ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတွင် စီမံအုပ်ချုပ်နေသော HR Manager များ၊ စီမံအုပ်ချုပ်နေသူများ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများကို စိတ်ပါဝင်စားစွာ လေ့လာလိုသူများ တက်ရောက်သင့်သည်။

Workgroup Presentation များ လုပ်ခြင်း၊ Strategic Game များ ကစားခြင်း၊ Group Discussion များ စသည့် သင်တန်းသားအခြေပြု သင်ကြားမှုပုံစံများကိုအသုံးပြု၍ အတွေ့အကြုံရှိ Ph.D ဘွဲ့ရ ဝါရင့်ဆရာမကြီးများက သင်ကြားဆွေးနွေးသွားမည်။

သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်မည်ဖြစ်၍ သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ပြီး အောက်တိုဘာ ၃၀ ရက်မှ စတင်ကာ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့ညနေ ၅နာရီခွဲမှ ၇နာရီခွဲထိ သင်ကြားပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Wise International School for Executives အခန်းအမှတ် (၁၀၀၉) (၁၀)လွှာ ယုဇနတာဝါ ဗဟန်းမြို့နယ် ဖုန်း -၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ ခုနှစ် အောက်တိုဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

(၃၁-၁၀-၂၀၁၀) ရက်နေ့

**၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွက်**

(၁၄-၁၁-၂၀၁၀) ရက်နေ့

နှင့်

(၂၈-၁၁-၂၀၁၀) ရက်နေ့

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၀-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ပုစဉ်းတို့၏လျှို့ဝှက်ကမ္ဘာ (အပိုင်း-၂) (ဇာတ်သိမ်း)
၅း၄၀ ၁၁။ ဘယ်လိုမဲပေးကြမှာလဲ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၀ ၁၅။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၆။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံရေးပါတီများ ဟောပြောချက်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၀)**
၂၆။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

## SOFT GUIDE COMPUTER ဗေဒင်ဟောစာတမ်းပရိုဂရမ်များ ပြသ

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (မြန်မာအင်ဖိုတက်)နှင့် Public Access Center မှ လုပ်ငန်းရှင်တို့ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၁ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်ကုမ္ပဏီများမှ ကွန်ပျူတာနည်းပညာပြခန်းများ ပါဝင်ပြသကြသည်။

ပြခန်းများတွင် Soft Guide Computer က လူအများ၏ ဇာတာနှင့် ဟောစာတမ်းကို အလျင်အမြန်ရရှိစေရန် Public Access Center များနှင့် ပူးပေါင်း၍ ဗေဒင်ဟောစာတမ်းပရိုဂရမ်များကို ရေးဆွဲ၍ ထုတ်လုပ်ပြသထားသည်။

Soft Guide Computer သည် ၁၉၈၇ ခုနှစ်မှစတင်၍ ဇာတာဖွဲ့သည့် ဗေဒင် Program များ ရေးဆွဲခဲ့သည်။ မိမိတို့၏ ဘဝခရီးကောင်းကျိုးဆိုးပြစ်တို့ကို ကြိုတင်သိရှိနိုင်ရန်အတွက် ဟောစာတမ်းများကို ရှေးကျမ်းအစောင်စောင်၏ အဆိုအမိန့်များအား သုတေသနပြုပြီးမှ ဖော်ပြထားသဖြင့် ၈၀ ရာခိုင်နှုန်း မှန်ကန်သည်။

Public Access Center များသည် ဇာတာဖွဲ့လိုသူထံမှ အမည်၊မွေးသက္ကရာဇ်၊ မွေးချိန်နှင့် မွေးဖွားရာဒေသတို့ကို softguide.atn@gmail.com သို့ E-mail ဖြင့် ပေးပို့ရမည်ဖြစ်သည်။ Soft Guide မှ E-mail ဖြင့် ဇာတာကို ပြန်လည်ပေးပို့သည့်အခါ ဇာတာရှင်အား ဟောစာတမ်းကို Print ထုတ်ပေးရမည်ဖြစ်သည်။ ဉာဏ်ပူဇော်ခငွေ၏ ၃၀ ရာခိုင်နှုန်းကို Public Access Center မှ ရရှိခံစားမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Soft Guide Computer အမှတ် (၅၂) (၁၉)လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၂၆၄ နှင့် ၃၈၂၁၈၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြည့်ရှုအားပေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း အင်းသားရိုးရာလှေပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များ ရတနာစံကျောင်းတော်ဝင်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး အင်းသားရိုးရာလှေပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက် ဆုများချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်းသည် အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ညောင်ရွှေမြို့နယ် နမ့်ဟူးကျေးရွာ အင်းလေးဖောင်တော်ဦးဘုရား၌ ကျင်းပသည့် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များ ရတနာစံကျောင်းတော်ဝင်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။**

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အင်းလေးဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့ဝင်များ၊ အင်းရိုးရာလှေပြိုင်ပွဲဝင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အင်းရိုးရာအလှပြ လှေယာဉ်များနှင့် ဆွမ်းပို့လှေများ၏ လှော်ခတ်သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်းနှင့်အဖွဲ့ဝင်များသည် ရတနာစံကျောင်းတော်သို့ ကရဝိက်ဖောင်တော်ဖြင့် အပူဇော်ခံကြွချီတော်မူလာသည့် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကြိုဆိုဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် အဖွဲ့ဝင်များသည် ကရဝိက်ဖောင်တော်ပေါ်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရတနာစံကျောင်းတော်ပလ္လင်ထက်သို့ ရွှေဝေါယာဉ်များဖြင့် ဘုရားတန်ဆောင်းအတိုင်း ပင့်ဆောင်လာကြရာ ဉ္စ်ပရိသတ်များက ဖူးမြော်ကြည်ညိုကြပြီး အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး အင်းလေးဖောင်တော်ဦးဘုရား ဓမ္မာရုံ၌ ကျင်းပသည့် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြ၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အင်းသားရိုးရာ လှေပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် ဆုရရှိကြသည့် အဖွဲ့များအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်းက အမျိုးသား ရာကျော်လှေပြိုင်ပွဲတွင် ဒုတိယဆုနှင့် ပထမဆုရ လှေအဖွဲ့တို့အား ဆုဖလားနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် အဖွဲ့ဝင်များသည် အင်းလေးကန် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ အင်းလေးဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် အင်းလေးကန်အတွင်း သောင်များတူးဖော်နေမှုတို့ကို ရေယာဉ်ငယ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ညောင်ရွှေမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ညောင်ရွှေမြို့နယ် ရွှေလမုံးကျေးရွာအနီးရှိ Red Mountain in Production Co.,Ltd. စက်ရုံနှင့် စပျစ်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ၁၉၆၈-၁၉၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကိုမျိုးသိမ်း ဖုန်း-၀၉၅၀၀၂၂၅၄၊ ကိုဝင်းကို ဖုန်း-၀၉၅၁၄၀၅၄၁၊ ကိုသန့်ဇင်ဦး ဖုန်း-၀၉၅၀၁၆၀၇၀၊ ကိုညိုထွန်း ဖုန်း-၀၉၅၀၄၉၂၉၁၊ ကိုခင်စိန် ဖုန်း-၀၉၅၁၇၄၉၈၀၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉၅၀၁၃၈၉၊ ကိုအောင်တင့် ဖုန်း-၀၉၅၀၁၂၃၀၄၊ ကိုဝင်းကြည် ဖုန်း-၀၉၅၁၇၀၉၁၉၊ ကိုဇော်ဝင်းဦး ဖုန်း-၀၉၅၁၁၅၈၃၈၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉၅၀၀၆၉၉၀၊ ကိုညဏ်ထွန်း ဖုန်း-၀၉၅၀၁၃၈၃၇၊ ဒေါက်တာမြင့်စိုး ဖုန်း-၀၉၉၉၂၅၁၀၅၊ ကိုမင်းသိမ်း ဖုန်း-၀၉၅၁၄၄၆၆၁၊ ကိုသိန်းငွေ ဖုန်း-၀၉၅၀၉၇၄၄၂၊ ဒေါက်တာထွန်းမြတ် ဖုန်း-၀၉၅၁၆၁၈၅၅နှင့် ကိုညီညီလွင် ဖုန်း-၀၉၅၁၁၈၆၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Petro Vietnam Exploration & Production Corporation သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-2 တွင် 2D Marine Seismic Acquisition Survey တိုင်းထွာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Binh Minh 02 ဖြင့် နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာ ဧရိယာများမှာ Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၇မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ်၊ Point E မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ်၊ Point F မြောက်လတ္တီတွဒ် ၀၅ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၂ မိနစ် Point G မြောက်လတ္တီတွဒ်၁၅ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၂ မိနစ်၊ Point H မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ်၊ Point I မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ်၊ Point J မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၂ မိနစ်နှင့် Point K မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၂ မိနစ်နှင့် Point L မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၇ မိနစ် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-2 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Binh Minh 02 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner 's ) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းကိရိယာ၏ အထောက်အကူပြုပစ္စည်းများ (ဝါးပိုးဝါးများသွယ်တန်းစိုက်ထူထားခြင်း)နှင့် ကျားပိုက်များ သွယ်တန်းထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

## မီးဘေး ကာကွယ်ရေး ဆောင်ရွက်

**လှည်းကူး အောက်တိုဘာ ၂၈**

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးကာကွယ်ရေးအတွက် မြို့မဈေးအတွင်း မီးသတ်ကား ဝင်၊ ထွက်နိုင်မှု အစမ်းလေ့ကျင့်ခြင်းကို ဦးစီးအရာရှိ ဦးမျိုးတင့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁၀-၂၀၁၀ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ ဟောကြားတော်မူသော တရားတော်" |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၈)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၅)** |
| ၈း၅၀ | ဂါရဝဖြင့်ဦးညွှတ်ချီဆရာများ၏ ကျေးဇူးဂုဏ်ရည် (တိုက်ကြီးမြို့နယ်) |
| ၉း၁၀ | Activities In The City - "Ruby Mart" ဖွင့်ပွဲ - Evolis Card Printer များ မိတ်ဆက်ပေးခြင်းအခမ်းအနား |
| ၉း၃၅ | Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ခင်လှဲ့ (အေဝမ်း)] (အပိုင်း-၂) |
| ၁၀း၀၀ | နွေးထွေးပျူငှာကရုဏာနှင့် ထိရောက်စွာကုသ RIGHT ONCO CARE CENTRE မှာ |
| ၁၀း၂၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၀း၃၀ | စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့် |
| ၁၀း၅၅ | သူတို့ဘဝသူတို့ဟာသ (ဦးတိမ်ညွန့်) |
| ၁၁း၂၀ | ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှရွှေတိုးပါဝါ |
| ၁၁း၄၀ | MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၅) |
| ၁၂း၀၅ | MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ) |
| ၁၂း၃၅ | မေတ္တာနှောင်ကြိုး တိုးလို့ဖြစ်တည်. . . လိန်းလီတံတားမှသည် |
| ၁း၀၀ | "ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ ဟောကြားတော်မူသော တရားတော်" |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၁၀ | Activities In The City ("ပ"သုံးလုံးဝိပဿနာဌာနချုပ်၏ ရဟန်းတော်များ ဝိပဿနာသင်တန်း ပို့ချခြင်းသင်တန်းဆင်းပွဲ) |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၈)** |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၅)** |
| ၅း၀၅ | MNL Preview |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၅) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | MEMORIES OF THE 1980's Music Concert အကြိုပြင်ဆင်နေမှုများ |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၉)** |
| ၇း၂၀ | The Champion of Dance |
| ၈း၀၀ | MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ) |
| ၈း၃၀ | Wedding Season (Part-2) |
| ၈း၅၅ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၆)** |
| ၁၀း၂၀ | ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၂) |
| ၁၀း၅၀ | MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်လူနာပြုစုခြင်း သိကောင်းစရာ) |
| ၁၁း၂၀ | လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည် |
| ၁၁း၃၀ | ဂီတသရုပ်ပြခန်း (တေးသံရှင်ကြယ်စင်လင်းနှင့် တွေ့ဆုံခြင်း) |
| ၁၁း၄၅ | ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီပန်းဖြူ ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ) |
| ၁၂း၀၀ | VJ Choice |
| ၁၂း၂၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ပိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၁၂း၅၀ | ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့် |
| ၁၂း၅၅ | World of Knowledge (Inside ; Sumo Kids) |
| ၁း၄၅ | ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ |
| ၂း၀၅ | Box Office Movies(300) |
| ၂း၃၅ | Man And The Elephant (အပိုင်း-၂) |
| ၃း၀၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၅ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ |
| ၄း၃၀ | ထူးခြားဆန်းကြယ်သော တောအုပ်ကလေး |
| ၄း၅၀ | မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

# မဲပေးရာတွင် 'ပယ်မဲ' မဖြစ်စေရေး သတိပြုရန် အချက်များ

**သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-**

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

**ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-**

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

နိုင်ငံတကာသတင်းများ



**အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မာရပီမီးတောင်ကြီး အောက်တိုဘာ ၂၆ ရက်က ပထမဆုံးအကြိမ် ပေါက်ကွဲခဲ့ရာ မီးခိုးများမှုတ်ထုတ်နေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဆူနာမီနှင့် မီးတောင် အမြှာကပ်ဘေးများကြောင့် အင်ဒိုနီးရှားတွင် လူ ၄၀၀ ကျော် သေဆုံး ဆူနာမီကြောင့် ပျောက်ဆုံးသူ ၅၀၀မျှရှိပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများရှိ

**ဂျကာတာ အောက်တိုဘာ ၂၈-** အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း ကမ်းရိုးတန်းကမ်းလွန်တွင် အောက်တိုဘာ ၂၅ ရက်က ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ပြီး အင်ဒိုနီးရှားအနောက်ပိုင်းကျွန်းများကို ၁၀ ပေ အမြင့်ရှိ ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခဲ့ရာ သေဆုံးသူ ဦးရေသည် ၃၆၉ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဆူနာမီကြောင့် သေဆုံးသူဦးရေသည် ၅၀၀ အထက် ကျော်လွန်ဖွယ်ရာရှိကြောင်း အချို့သတင်းဌာနများက ခန့်မှန်းသည်။ ဒေသန္တရတာဝန်ရှိသူတစ်ဦး၏ အဆိုအရ ပျောက်ဆုံးသူ ရာပေါင်းများစွာရှိဆဲဖြစ်ကြောင်း သိရသည်။

ဆူနာမီရေလှိုင်းများဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရသည့် မန်ကာဝီကျွန်းစုတွင်ပါဝင်သော တောင်ပါဂိုင်းကျွန်း၌ အိမ်ခြေ ၈၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရသည်။ ကျွန်းအတွင်းပိုင်းအထိ တိုးဝင်လာသော ရေလှိုင်းများကြောင့် လယ်ယာစိုက်ခင်းများနှင့် လမ်းများ ရေမြုပ်ခဲ့ရသည်။ အလားတူ ဆူနာမီကပ်ဘေးဖြစ်ပွားပြီး နောက်တစ်ရက် အောက်တိုဘာ ၂၆ရက်တွင် ပထမဆုံးအကြိမ် ပေါက်ကွဲခဲ့သော မာရပီမီးတောင်သည် ဒုတိယအကြိမ် ထပ်မံပေါက်ကွဲခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဒုတိယအကြိမ်ပေါက်ကွဲရာတွင် မာရပီမီးတောင်သည် ပြာနှင့်မီးခိုးများကို မှုတ်ထုတ်ခဲ့ပြီး ကောင်းကင်တွင် အပူတိမ်တိုက်ကြီးများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၃၃ဦးရှိခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆူနာမီကပ်ဘေးနှင့် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပွားရာဒေသများမှ ဒေသခံထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်းသိရသည်။

**အမ်အင်အေ၊ရိုက်တာ။**



**အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ မြေအောက်ရထားဘူတာရုံများ၌ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်သူတစ်ဦး၏ နေအိမ်ကို စီးနင်းရှာဖွေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြင်ဆင်နေစဉ်။***(ဓာတ်ပုံ-အင်တာနက်)*

## ဝါရှင်တန်ရှိ မြေအောက်ရထားဘူတာရုံများအား အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်ဖွယ်ရှိသူကို ဖမ်းဆီး

**ဝါရှင်တန် အောက်တိုဘာ ၂၈ -** အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်ရှိ မြေအောက်ရထားဘူတာရုံများကို အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုဖြင့် ပါကစ္စတန်နွယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးကို ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရိုမှ တာဝန်ရှိသူများက ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဝါရှင်တန်ဆင်ခြေဖုံးရှိ မြေအောက်ရထားဘူတာရုံများကို အကြမ်းဖက်တိုက်ခိုက်နိုင်ရန် ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူးခဲ့မှုဖြင့် ဖာရောက်အာမက် (၃၄)နှစ်ကို ဖမ်းဆီးလိုက်ပြီဖြစ်သည်။

ဖာရောက်အာမက်သည် လာမည့်နှစ်တွင် အကြမ်းဖက်တိုက်ခိုက်နိုင်ရန် ဧပြီလမှစ၍ မြေအောက်ရထားဘူတာရုံများကို ဗီဒီယိုရိုက်ကူးခြင်းနှင့် ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်နေခဲ့ကြောင်း၊ ပစ်မှတ်ထားခံရသော ဘူတာရုံများတွင် ပင်တဂွန်စစ်ဌာနချုပ်အနီးရှိ မြေအောက်ရထားဘူတာရုံနှင့် အာလင်တန်အမျိုးသားစစ်သင်္ချိုင်းအနီးရှိ မြေအောက်ရထားဘူတာရုံတို့ ပါဝင်ကြောင်း နိုင်ငံတော်လုံခြုံရေးဆိုင်ရာ လက်ထောက်ရှေ့နေချုပ် ဒေးဗစ်ခရစ်က ပြောကြားသည်။

စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များနှင့် အရပ်သူ၊အရပ်သား အများအပြား သေဆုံးစေနိုင်မည့် အကြမ်းဖက်တိုက်ခိုက်မှုကို ပြုလုပ်ရန် လွန်ခဲ့သည့် ခြောက်လတာကာလပတ်လုံး မြေအောက်ရထားဘူတာရုံများကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနေခဲ့ကြောင်း၊ ဖာရောက်အာမက်သည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည်ဟု ယူဆရကြောင်း ဒေးဗစ်ခရစ်က ပြောကြားသည်။ **အင်တာနက်။**



အဆင့်မြှင့်တင်ပြုပြင်ပြီး စစ်တွေလေယာဉ်ကွင်း၌ F-28 ဂျက်လေယာဉ်ကြီးများ ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်၊ ချနေကြသည်ကို တွေ့ရစဉ်။

■ ရွှေဖုံးမှ

**ကျွန်တော်** ။ ။ သတင်းစာနဲ့ ရုပ်မြင်သံကြားမှာ ဘာသတင်းတွေပါလို့ ဒီလောက်စိတ်ဝင်စားနေတာလဲ။

**ဘကြီး** ။ ။ နိုင်ငံတော်အကြီးအကဲက ဆိပ်ကမ်းတွေဖွံ့ဖြိုးတိုးတက်မှုကို စစ်ဆေးတာနဲ့ လမ်းညွှန်တာတွေ၊ နောက်ပြီး မြန်မာနိုင်ငံရဲ့ ပို့ဆောင်ရေးကဏ္ဍအကြောင်းတွေပေါ့ကွာ။ ရန်ကုန်ဆိပ်ကမ်းကို ဒီရေအတက်အကျပေါ် မူတည်ပြီး တန်ချိန် ၁၅၀၀၀မှ တန်ချိန် ၂၀၀၀၀ အထိ သင်္ဘောကြီးတွေ ဝင်ထွက်နိုင်တဲ့ အခြေအနေကနေ တန်ချိန် ၃၅၀၀၀ရှိတဲ့ သင်္ဘောကြီးတွေအထိ ဝင်ထွက်နိုင်အောင် စီမံဆောင်ရွက်သွားဖို့အကြောင်းတွေနဲ့ ဆိပ်ကမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းတွေ အကြောင်းပေါ့။

**ကျွန်တော်** ။ ။ နိုင်ငံတကာသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းတွေ ဘယ်လောက်ရှိလဲဘကြီး။

**ဘကြီး** ။ ။ မြန်မာနိုင်ငံမှာ ရန်ကုန်ဆိပ်ကမ်းအပါအဝင် ပင်လယ်ဆိပ်ကမ်း ကိုးခုရှိတယ်။ နိုင်ငံတကာသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတားတွေက ၁၉၈၈ ခုနှစ် မတိုင်မီက ၁၃ စင်းသာရှိခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ရန်ကုန်ဆိပ်ခံတံတား ၁၆စင်း၊ သီလဝါဆိပ်ကမ်း ဆိပ်ခံတံတား ခြောက်စင်းဆိုတော့ စုစုပေါင်းဆိပ်ခံတံတား ၂၂ စင်းရှိလာပြီပေါ့ကွာ။ ကုန်းတွင်း ကုန်သေတ္တာစခန်းဆိုတာ ၁၉၈၈ခုနှစ်မတိုင်မီက လုံးဝမရှိခဲ့ဘူး။ အခုအချိန်မှာတော့ ကုန်သေတ္တာစခန်းသုံးခုရှိနေပြီပေါ့။ ဆိပ်ခံတံတား ၂၂ စင်းမှာ သင်္ဘော ၂၂စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်တယ်လေ။ နောက်ထပ် ရန်ကုန်ဆိပ်ကမ်းနဲ့ သီလဝါဆိပ်ကမ်းနေရာတွေအားလုံး ပြီးစီးသွားရင် ဆိပ်ခံတံတား ၆၂ စင်းအထိရှိလာပြီး သင်္ဘော ၇၅ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်တော့မှာကွ။

**ကျွန်တော်** ။ ။ ပင်လယ်ရေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းလည်း ရှိတယ်နော်။ အဲဒီအကြောင်းလည်း ပြောပြပါဦး။

**ဘကြီး** ။ ။ အေး ဟုတ်တယ်။ တကယ်တော့ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းဆိုတာ တပ်မတော်အစိုးရလက်ထက်ရောက်မှ အမည်ပြောင်းခဲ့တာ။ မူလအစက ဗမာ့ကြယ်ငါးပွင့်သင်္ဘော ကုမ္ပဏီလီမိတက်အနေနဲ့ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၅ရက်မှာ စတင်ဖွဲ့စည်းခဲ့တာပါ။ အဲဒီအချိန်က နိုင်ငံခြားသွား သင်္ဘောငါးစင်း၊ ကမ်းရိုးတန်းသွား သင်္ဘောနှစ်စင်းနဲ့ စတင်ခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းအချိန်မှာတော့ နိုင်ငံခြားသွား သင်္ဘော ၁၆စင်းနဲ့ ကမ်းရိုးတန်းသွား သင်္ဘောကိုးစင်း စုစုပေါင်း ၂၅စင်းနဲ့ ပြေးဆွဲပေးနေတယ်။ ၁၉၈၈ ခုနှစ် မတိုင်မီကထက် သင်္ဘော ၁၁ စင်း တိုးမြှင့်ဖြည့်ဆည်း ပေးနိုင်ခဲ့လို့ စွမ်းဆောင်မှု အများကြီးမြင့်တက်ခဲ့တာပေါ့။ နှစ်စဉ် ပြည်ပကုန်ပစ္စည်းတွေ တန်ချိန် ၁၅သိန်းလောက် သယ်ယူပို့ဆောင်ပေးနေသလို ပြည်တွင်းကမ်းရိုးတန်း ခရီးစဉ်တွေမှာ နှစ်စဉ်ခရီးသည် ၅၀၀၀၀ ကျော်နဲ့ ကုန်တန်ချိန် တစ်သိန်းကျော်အထိ သယ်ယူပို့ဆောင်ပေးနေပြီလေ။

**ကျွန်တော်** ။ ။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အခြေအနေကိုလည်း သိရင်ပြောပြပါဦး။

**ဘကြီး** ။ ။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအပိုင်းကို ပြောရရင်တော့ ၁၉၈၈ ခုနှစ် မတိုင်မီက ပြည်တွင်းရေကြောင်း ခရီးစဉ်တွေအဖြစ် မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးတွေ ဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန်၊



ပြည်တွင်းရေကြောင်းအထောက်အကူပြု အလုံသင်္ဘောကျင်းကို တွေ့ရစဉ်။

ဂျိုင်းမြစ်၊ အတ္ထရံမြစ် စတဲ့ မြစ်ကြောင်းတွေပေါ်မှာပဲ ပြည်တွင်းရေကြောင်းရေယာဉ်တွေ ပြေးဆွဲခဲ့တာပါ။ အဲဒီအချိန်က နိုင်ငံတော်ပိုင်ရေယာဉ် စုစုပေါင်း ၄၀၀ လောက်ရှိခဲ့တယ်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေနဲ့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြောင်းခရီးစဉ်တွေ ပိုများခဲ့တယ်။

**ကျွန်တော်** ။ ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းရဲ့ တိုးတက်မှုအခြေအနေကိုလည်း ပြောပြပါဦး။

**ဘကြီး** ။ ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ပြည်တွင်းပို့ဆောင်ရေးကဏ္ဍကို နိုင်ငံတော်က ဦးစားပေးပြီး တိုးတက်အောင်ဆောင်ရွက်ခဲ့တယ်။ ပြည်တွင်းရေယာဉ်တွေ ပြေးဆွဲခုတ်မောင်းမှု အရှိန်အဟုန် မပျက်အောင်လည်း ကြိုးစား လုပ်ဆောင်ခဲ့တယ်။ ရေယာဉ်တွေ ထပ်မံဖြည့်ဆည်းနိုင်ခဲ့လို့ အခုဆိုရင် ရေယာဉ်အစင်းပေါင်း ၆၀၀ လောက်ရှိနေပြီလို့သိရတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းခရီးမှာ ခရီးစဉ်ပေါင်း ၆၂ ခုကို ပြေးဆွဲပေးနေပြီး နှစ်စဉ်သွားလာနေကြတဲ့ ခရီးသည်ဦးရေဟာ ၂၅သန်းကျော်အထိရှိနေပြီဆိုပဲကွ။ ကုန်တန်ချိန်ဆိုရင်လည်း တစ်နှစ်ပျမ်းမျှတန်ချိန် လေးသန်းကျော်အထိ တင်ပို့ပေးနိုင်ခဲ့ပြီတဲ့လေ။

**ကျွန်တော်** ။ ။ ဘကြီးကတော့ တကယ့်ကို နှံ့နှံ့စပ်စပ်သိတာပဲ။ ပြည်တွင်းလေကြောင်းပျံသန်းမှုတွေကော တိုးတက်လာမှုရှိရဲ့လား။

**ဘကြီး** ။ ။ ရှိတာပေါ့ကွာ၊ ၁၉၈၈ ခုနှစ်မတိုင်မီ အခြေအနေက နိုင်ငံတစ်ဝန်းလုံး လေယာဉ်ကွင်း ၆၆ကွင်းပဲ ရှိခဲ့တယ်။ ဒါကလေယာဉ်ဆင်း၊ တက်နိုင်တဲ့ လေယာဉ်ကွင်းတွေဆိုရပေမယ့် တကယ်တမ်းမှာတော့ လေယာဉ်ကြီးတွေဆင်းတက်နိုင်တဲ့အဆင့် မရှိခဲ့ဘူး။ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-မန္တလေးစတဲ့ လေယာဉ်ခရီးစဉ်တွေလောက်ပဲ ခရီးသည်များတာပါ။ ဒါက ပြည်တွင်းခရီးစဉ်ပါ။ အဲဒီအချိန်က ပြည်တွင်းခရီးစဉ်တွေမှာ ဖော်ကာလေယာဉ်တွေနဲ့ပဲ ပျံသန်းပေးခဲ့တယ်။ ပြည်ပခရီးစဉ်အနေနဲ့လည်း ရန်ကုန်-ဗန်ကောက် ခရီးစဉ်တစ်ခုတည်းကိုပဲ ဦးစားပေးပျံသန်းခဲ့တာမို့ ပြည်ပခရီးသည်ဝင်ထွက်မှုက ပုံမှန်အနေအထားထက်မပိုခဲ့ဘူးလို့ ဆိုရမှာပေါ့။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ တပ်မတော်အစိုးရဟာ တစ်နိုင်ငံလုံးမှာ နေရာအနှံ့ လေယာဉ်ကွင်းအသစ်တွေ တည်ဆောက်ခဲ့ပြီး လေယာဉ်ကွင်းအဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။ ဒါကြောင့်မို့ အခုဆိုရင် မြန်မာနိုင်ငံမှာ လေယာဉ်ကွင်းပေါင်း ၆၉ကွင်းရှိနေပြီပေါ့။ နိုင်ငံတကာအဆင့်မီ လေဆိပ်တွေအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွေကို တည်ဆောက်အဆင့်မြှင့်တင်ပေးထားသလို အခုဆိုရင် နိုင်ငံတကာအဆင့်မီ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုပါ တည်ဆောက်နေပြီဖြစ်တယ်။ ပြည်တွင်း ပြည်ပလေကြောင်းခရီးစဉ်ပျံသန်းရေး ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်းတွေကို ဟန်ချက်ညီ တွန်းအားပေးခဲ့လို့ အခုဆိုရင် နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်းအပြင် အဲပုဂံ၊ အဲရန်ကုန်၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧



ပြည်တွင်းရေကြောင်းမှ သင်္ဘောများအား ပြုပြင်ပေးလျက်ရှိသော ဒလသင်္ဘောကျင်း မြင်ကွင်းကို ရန်ကုန်မြစ်အတွင်းမှ တွေ့ရစဉ်။

## ဆက်လက်ဆောင်ရွက်ဆဲ အပြည်ပြည်ဆိုင်ရာ နေပြည်တော်လေယာဉ်ကွင်းစီမံကိန်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | **နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၁)** | |
| | - လက်ရှိပြေးလမ်းနှင့်အပြိုင်သွားလမ်း | ၁ ခု |
| | - အမြန် ဝင်/ထွက်လမ်း | ၄ ခု |
| | - ဝင်/ထွက်လမ်း | ၄ ခု |
| | - ရပ်နားရာနေရာ | ၁ ခု |
| | - ခရီးသည် သုံးထပ်အဆောက်အအုံ | ၁ ခု |
| | - ခရီးသည် တက်/ဆင်းတံတား | ၁၀ စင်း |
| | - လေကြောင်းထိန်းမျှော်စင် | ၁ ခု |
| | - Ground Service Equipments Maintenance အဆောက်အအုံ | ၁ ခု |
| | - Fuel Farm | ၁ ခု |
| | - Water Intake Station | ၁ ခု |
| ၂။ | **နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၂)** | |
| | - လေယာဉ်ရပ်နားရာနေရာ | ၁ ခု |
| | - VIP လေယာဉ်ရပ်နားရာနေရာ | ၁ ခု |
| | - ခရီးသည် အတက်/အဆင်းတံတား | ၄ စင်း |
| | - Flight Catering အဆောက်အအုံ | ၁ ခု |
| | - Government Complex အဆောက်အအုံ | ၁ ခု |
| | - Airport Maintenance Base အဆောက်အအုံ | ၁ ခု |
| ၃။ | **နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၃)** | |
| | - ခရီးသည်အတက်/အဆင်းတံတား | ၁၇ စင်း |
| | - လေယာဉ်သွားလမ်းနှင့်အပြိုင် Dual Parallel Taxiway | ၁ ခု |
| | - လေယာဉ်ပြေးလမ်း | ၁ ခု |
| | - Dual Parallel Taxiway | ၁ စုံ |
| | - လေယာဉ်အမြန်ဝင်/ထွက်လမ်း | ၄ ခု |
| | - လေယာဉ်ဝင်/ထွက်လမ်း | ၄ ခု |
| | - ကုန်တင်လေယာဉ်ရပ်နားနေရာ | ၁ ခု |

## လေယာဉ်ပြေးလမ်း ပေ ၁၀၀၀၀ အထက် လေယာဉ်ကွင်းများ

| စဉ် | လေယာဉ်ကွင်းအမည် | ပြေးလမ်းအတိုင်းအတာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် | ၁၁၂၀၀ × ၂၀၀ | တိုးချဲ့ဖွင့်လှစ်ပြီး |
| ၂။ | မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် | ၁၄၀၀၀ × ၂၀၀ | ဖွင့်လှစ်ပြီး |
| ၃။ | နေပြည်တော်လေဆိပ် | ၁၂၀၀၀ × ၂၀၀ | ဖွင့်လှစ်ပြီး |
| ၄။ | အနီးစခန်းလေဆိပ် | ၁၀၀၀၀ × ၂၀၀ | တိုးချဲ့ဖွင့်လှစ်ပြီး |
| ၅။ | နန်ပေါင်လေဆိပ် | ၁၁၀၅၀ × ၂၀၀ | တိုးချဲ့ဖွင့်လှစ်ပြီး |
| ၆။ | ဟုမ္မလင်းလေဆိပ် | ၁၂၀၀၀ × ၂၀၀ | တိုးချဲ့ဖွင့်လှစ်ပြီး |
| ၇။ | နမ့်စန်လေဆိပ် | ၁၂၀၀၀ × ၂၀၀ | တိုးချဲ့ဖွင့်လှစ်ပြီး |
| ၈။ | ထားဝယ်လေဆိပ် | ၁၂၀၀၀ × ၁၀၀ | ဆောင်ရွက်ဆဲ |
| ၉။ | ဘုတ်ပြင်းလေဆိပ် | ၁၀၀၀၀ × ၁၀၀ | ဖွင့်လှစ်ပြီး |
| ၁၀။ | ကျောက်ထုလေဆိပ် | ၁၀၀၀၀ × ၁၀၀ | ဖွင့်လှစ်ပြီး |
| ၁၁။ | တောင်ငူလေဆိပ် | ၁၂၀၀၀ × ၂၀၀ | တိုးချဲ့ဖွင့်လှစ်ပြီး |



ကလေးဝဆိပ်ကမ်းနှင့် ချင်းတွင်းဌာနခွဲမှ သလ္လာဝတီ(၆) ရေယာဉ်သည် ခရီးသွားများအား ဤသို့တင်ဆောင်၍ ပို့ဆောင်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။

## ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁။ | **လေကြောင်းပို့ဆောင်ရေး** | | | | |
| | -လေယာဉ်ကွင်း | ကွင်း | ၆၆ | ၆၉ | ၃ |
| | -ပြေးလမ်း ပေ ၁၀၀၀၀အထက် | ကွင်း | - | ၁၁ | ၁၁ |
| | -ပြေးလမ်း ပေ ၅၀၀၀အထက် | ကွင်း | ၂၁ | ၂၇ | ၆ |
| | -ပြေးလမ်း ပေ ၅၀၀၀အောက် | ကွင်း | ၄၅ | ၃၁ | အဆင့်မြှင့်တင် |
| ၂။ | **ရေကြောင်းပို့ဆောင်ရေး ပြည်တွင်းသင်္ဘော** | | | | |
| | - ဆိပ်ခံတံတား | ခု | ၉၂ | ၁၁၁ | ၁၉ |
| | - သင်္ဘောကျင်း | ခု | ၅ | ၆ | ၁ |
| | - ခရီးလမ်းကြောင်း | ခု | ၅၃ | ၆၂ | ၉ |
| | - ခရီးသည် | သန်း | ၁၇. ၄၈ | ၂၅. ၇၉ | ၈. ၃၁ |
| | - ခရီးသည်မိုင် | သန်း | ၃၄၆. ၁၃ | ၅၄၁. ၂၂ | ၁၉၅. ၀၉ |
| | - ကုန်တန်ချိန် | သန်း | ၁. ၈၉ | ၃. ၆၀ | ၁. ၇၁ |
| | - ကုန်တန်မိုင် | သန်း | ၂၄၂. ၆၄ | ၄၀၀. ၄၅ | ၁၅၇. ၈၁ |
| ၃။ | **နိုင်ငံခြားသင်္ဘော** | | | | |
| | - ဆိပ်ခံတံတား | ခု | ၁၃ | ၂၈ | ၁၅ |
| | - သင်္ဘော (ကမ်းရိုးတန်း၊ ပြည်ပ) | စင်း | ၁၄ | ၂၅ | ၁၁ |
| | - ကုန်းတွင်း ကုန်သေတ္တာလွင်ပြင်နှင့် ကုန်သေတ္တာစခန်း | ခု | - | ၃ | ၃ |

✧ စာမျက်နှာ ၆ မှ

အဲမန္တလေးစတဲ့ပုဂ္ဂလိက လေကြောင်းလိုင်းတွေက ပြည်တွင်း ခရီးစဉ်ပေါင်းများစွာကို ပျံသန်းပြေးဆွဲနေကြပြီလေ။ ဒါကြောင့် ပြည်တွင်းခရီးစဉ်တွေမှာ ခရီးသွားပြည်သူတွေ နေ့စဉ် ထောင်နဲ့ချီပြီး အေးချမ်းသက်သာ လုံခြုံစွာသွားလာနေကြပြီဖြစ်သလို ပြည်ပ လေကြောင်းခရီးစဉ်တွေဆိုရင်လည်း မြန်မာ့လေကြောင်းက ရန်ကုန်-ဗန်ကောက်၊ ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ကွာလာလမ်ပူ၊ ရန်ကုန်-ဂယာ (အိန္ဒိယ) စတဲ့ခရီးစဉ်တွေကို နေ့စဉ်ပျံသန်းပေးနေ ကြတဲ့ အပြင် ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်တဲ့ အဲပုဂံက ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ဗန်ကောက်၊ အဲမန္တလေးက ရန်ကုန်-ချင်းမိုင်တို့သို့ ပြေးဆွဲနေပြီဖြစ်တယ်။ နိုင်ငံတော်က ပြည်တွင်း ပြည်ပ လေကြောင်းခရီးစဉ်အသစ်တွေ တိုးချဲ့နိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါဟာ ပြည်သူတွေအတွက် စေတနာထား ဆောင်ရွက်နေခြင်းပါပဲ။

ပြည်တွင်းလေယာဉ်ခရီးစဉ်များကို လက်မှတ်ရောင်းချသည့်နေရာများသို့ ရောက်တိုင်း လက်မှတ်ဝယ်ယူသူခရီးသည်များ အပြည့်ဖြစ်နေတာချည်း တွေ့မြင်ခဲ့ရသည်။ လေယာဉ်ခရီးလိုင်းများ တိုးတက်လာသလို ပြည်သူများ လေကြောင်းခရီးစဉ်ဖြင့် သွားလာမှုများလည်း တိုးပွားလာသည်။

နိုင်ငံတော်က ပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတစ်ဝန်း လေကြောင်း၊ ရေကြောင်းသွားလာရေးများ နေရာဒေသအနှံ့ လျင်မြန်ချောမွေ့လာလျက်ရှိရာ အနာဂတ်နိုင်ငံတော်အတွက် ပြည်သူတစ်ရပ်လုံး လူနေမှုအဆင့်အတန်း မြင့်မားပြီး ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍများ တိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတော်၏ စေတနာ အလှူတရားများပင် ဖြစ်ပါကြောင်း။ ။



နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံကို တွေ့ရစဉ်။

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီးများ စစ်တွေခရိုင် ပေါက်တောမြို့နယ်အတွင်းရှိ လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၂၈

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ပေါက်တောမြို့နယ် ဗျိုင်းသိုက်ကျေးရွာသို့ ရောက်ရှိကြပြီး လေဘေးဒဏ်ကြောင့် ပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လေဘေးသင့်မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်အိတ်များနှင့် အမိုးတာပေါ်လင်များကို ပေးအပ်ကြသည်။**

ဆက်လက်၍ ဖဒူချေကျေးရွာသို့ ရောက်ရှိပြီး ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ဗျိုင်းသိုက်ကျေးရွာ အုပ်စု ငရီချိုင်ကျေးရွာနှင့် ခမောင်းဒွေး ကျေးရွာတို့၌ လေဘေးဒဏ်ကြောင့် ပြိုလဲပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ်များ၊ တာပေါ်လင်များ၊ ဆေးဝါးပစ္စည်းများ၊ သောက်ရေသန့်ဘူးများနှင့် ထောက်ပံ့ငွေ များ ပေးအပ်ကြသည်။

ယင်းနောက် ပေါက်တောမြို့သို့ ရောက်ရှိ၍ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားပြီး ဆက်လက် ထွက်ခွာလာရာ ညပိုင်းတွင် စစ်တွေမြို့ သို့ ရောက်ရှိကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)



**တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေတို့ ပေါက်တောမြို့နယ် လေဘေး ဒဏ်သင့် ကျေးရွာများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်အိတ်များနှင့် အမိုးတာပေါ်လင်များ ပေးအပ်ကြစဉ်။**

(သတင်းစဉ်)



## ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေတို့ ပေါက်တောမြို့နယ် လေဘေး ဒဏ်သင့် ကျေးရွာများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်အိတ်များနှင့် အမိုးတာပေါ်လင်များ ပေးအပ်ကြစဉ်။**

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသအချို့မှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်လေယာဉ်ဖြင့် ပေးပို့

ရန်ကုန် အောက်တိုဘာ ၂၈

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ဒေသအချို့မှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းလျက် ရှိရာ ယနေ့နံနက်ပိုင်းတွင် စောင်အထည် ၁၈၀၀၊ လက်ဆွဲမီးစက် နှစ်လုံး၊ မိုးကာအထည် ၆၂၀ အပါအဝင် စုစုပေါင်း ထောက်ပံ့ရေး ပစ္စည်း ၇၈၄၆ ကီလို၊ မိုးကာနှစ်စပါ မိုးကာ ၄၄၉ ထုပ်၊ မိုးကာလိပ် ၁၀၀ နှင့် မိုးကာလေးစပါ မိုးကာအထုပ် ၁၀၀ အပါအဝင် စုစုပေါင်း ထောက်ပံ့ရေးပစ္စည်း ၇၉၂၇ ကီလိုတို့ကို ရန်ကုန် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ တပ်မတော်လေယာဉ် နှစ်စင်း ဖြင့် ပေးပို့လှူဒါန်းခဲ့သည်။**

မုန်တိုင်းတိုက်ခတ်မှုအပြီး အောက်တို ဘာ ၂၄ ရက်တွင်လည်း အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီး ဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသအချို့မှ လေဘေး သင့် ပြည်သူများအတွက် စောင်၊ အနွေး ထည်၊ ကျားဝတ်လုံချည်နှင့် မဝတ်လုံချည်၊ အရေးပေါ် ဆေးဝါးပစ္စည်းများ၊ ခေါက်ဆွဲ ခြောက်နှင့် ရေသန့်ဘူးများအပါအဝင် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၉၄၉၃ ကီလိုကို ရန်ကုန် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ တပ်မတော်လေယာဉ်များဖြင့် နှစ်ခေါက်ပေးပို့ လှူဒါန်းခဲ့ကြောင်း သိရှိရ သည်။

(သတင်းစဉ်)








## လေယာဉ်ပေါ်သို့ ပစ္စည်းများတင်ဆောင်

**ရခိုင်ပြည်နယ် အတွင်းရှိ မုန်တိုင်းသင့် ဒေသအချို့မှ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ ရန် တပ်မတော်လေယာဉ်ပေါ်သို့ ပစ္စည်းများ တင်ဆောင်နေကြစဉ်။**

(အပေါ်ဝဲပုံ၊ အပေါ်ပုံနှင့် ဝဲပုံ)

(သတင်းစဉ်)

### ▲ ကျောဖုံးမှ

အမျိုးအစားသစ်ကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပလတ်စတစ်ပြုလုပ်နိုင်ရန် ရေနံ သွင်းကုန်များအပေါ် မှီခိုအားထားနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ရေနံမှ ထုတ်လုပ်သော ပလတ်စတစ်သည် သဘာဝအရ ပျက်စီးနိုင်ခြင်းမရှိသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

#### အသုံးပြုလာနိုင်မည်

သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော ပလတ်စတစ်အမျိုးအစားသစ်ကို ပရိဘောဂထိုင်ခုံ ကူရှင်များ၊ လျှပ်စစ်ဓာတ်မစီးနိုင်သော လျှပ်ကာပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ စသည်တို့ ပြုလုပ်ရာတွင် အသုံးပြုလာနိုင်မည် ဖြစ်ကြောင်း ဓာတုဗေဒအသင်းက ပြောကြားသည်။

#### ဖော်ပြထား

နွားနို့မှထုတ်ယူသော ပရိုတင်း၏ ၈၀ ရာခိုင်နှုန်းသည် ကစိန်(Casein)ဟု ခေါ်တွင်သော နို့ပစ္စည်းတစ်မျိုးဖြစ်ပြီး စေးကပ်သော သဘောသဘာဝရှိကာ ကော်ပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် ကစိန်သည် ရေတွင် အလွယ်တကူ ပျော်ပါနိုင်သဖြင့် မာကျောမှုဂုဏ်သတ္တိ ရရှိလာစေရန် ရွှံ့စေး (Sodium montmorillonite )အနည်းငယ်ဖြင့် ရောစပ်ကာ ပလတ်စတစ်ပြုလုပ်နိုင်ကြောင်း ဘိုင်အို မိုက္ကရို မော်လီကျူးအမည်ရှိ ဂျာနယ်တွင် သုတေသီ ရှီယာဒီနှင့်အဖွဲ့က ရေးသား ဖော်ပြထားသည်။ အဆိုပါ ဂျာနယ်ကို အမေရိကန်ဓာတုဗေဒအသင်းက ထုတ်ဝေသည်။

*အင်တာနက်။*

## မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြင်းခြံ အောက်တိုဘာ ၂၈**

မြင်းခြံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် အေးမြသီတာဈေးတွင် စက်တင်ဘာ ၃၀ ရက်က အဖွဲ့ပိုင်ဈေး များ မီးလောင်ဆုံးရှုံးမှု မရှိစေရေး အတွက် ပညာပေးသရုပ်ပြ ဇာတ်တိုက် လေ့ကျင့်မှုကို ဈေးသူ၊ ဈေးသားများနှင့် စည်ပင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက် ကြရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဦး၊ မြို့နယ် ဥက္ကဋ္ဌ ဦးမင်းဆွေနှင့်အဖွဲ့က ကြည့်ရှု အားပေးကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

# ဂီရိမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၈

**ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့သို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရိ (GIRI) မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းသည့် အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် တက်ရောက်လက်ခံသည်။**

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်လူမျိုးစု ကိုယ်စားလှယ်လောင်း ဒေါက်တာထွန်းဇံအောင်နှင့် ဌာနချုပ်မှူး သူရဦးမြင့်ဦးတို့က ငွေကျပ်သိန်း ၁၀၀၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကိုယ်စား တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက ငွေကျပ် ၈၀၈၈၄၄၀၆ တန်ဖိုးရှိ စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါးမျိုးစုံနှင့် ငါးဖမ်းပိုက်များ၊ မြန်မာနိုင်ငံ စက်သုံးဆီလုပ်ငန်းရှင်များအသင်း၏ကိုယ်စား ဒေါက်တာဦးဝင်းမြင့်က ငွေကျပ်သိန်း ၅၀၊ Angel Arrow မှ မထူးဒါလီကိုကိုနှင့် မအေးဝတီကိုကိုတို့က ငွေကျပ် ၁၀ သိန်းနှင့် ဆန်အိတ် ၅၀၊ ဗိုလ်ကြီးသန်းထွဋ်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်နန်းမေရီစိန် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် သဘာဝဘေး အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းအဖွဲ့မှ အဖွဲ့ကိုယ်စား ဒေါ်မေအေးရွှေ၊ ဒေါ်ရီဝင်းနှင့် ဦးအောင်ခင်တို့က ဆန်အိတ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အလားတူ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ မိသားစု၊ ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ မိသားစုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဌာနမိသားစုများက ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၀၊ နေပြည်တော်သက်န်းတိုက်က ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ သင်္ကန်းအစုံ ၂၀၀၊ International School of Myanmar မှ ဦးအင်စိုးနှင့် ဇနီး ဒေါ်နိုင်နိုင်မွန်မိသားစုက ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆန်အိတ် ၂၁၀၊ ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ ဆီ ၅၇၅ ပိဿာ၊ ဦးကျောက်စိမ်းနှင့် ဇနီး ဒေါ်အင်ပို မိသားစုက ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးနေ ဒေါက်တာတင်ထွန်းဦးနှင့် ဇနီး ဒေါက်တာခင်မိုးမိုး မိသားစု (သုတစွယ်စုံ စာအုပ်တိုက်နှင့် စွယ်စုံမီဒီယာ)က အလှူငွေကျပ် ၁၀ သိန်း၊ ဦးကြူ မိသားစုဂျုံစက်က အလှူငွေကျပ်သိန်း ၂၀၊ Tdh-L တယ်ဒဟုတ်(မ်)-လိုဇန်းဆွစ်ဖောင်ဒေးရှင်းမှ စီမံကိန်းမန်နေဂျာ ဦးအောင်ထွန်းက ဆန်အိတ် ၁၀၀ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Mohona Holding Co., Ltd. Managing Director, Mr.KB Ahmed က အမေရိကန်ဒေါ်လာ ၁၀၀၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဆိုင်ကလုန်းမုန်တိုင်းဂီရိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်လူမျိုးစု ကိုယ်စားလှယ်လောင်း ဒေါက်တာထွန်းဇံအောင်နှင့် ဌာနချုပ်မှူး သူရဦးမြင့်ဦးတို့က ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။** (သတင်းစဉ်)



**ဆိုင်ကလုန်းမုန်တိုင်းဂီရိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ မိသားစု၊ ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေမိသားစုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဌာနမိသားစုများက ငွေကျပ် သိန်း ၈၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။** (သတင်းစဉ်)

# ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)က လေဘေးအလှူခံဌာန ဖွင့်လှစ်ထားရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

ကျောက်ဖြူမြို့နယ်အတွင်း အောက်တိုဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရိကြောင့် လူမှုအခက်အခဲရောက်ခဲ့ကြသည့် လေဘေးဒဏ်သင့်နယ်သူနယ်သားများအတွက် ကူညီထောက်ပံ့မှုပေးနိုင်ရန် ကျောက်ဖြူမြို့နယ်အသင်းရုံး အမှတ်(၃၆၃)(၃)လွှာ ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့၌ အလှူခံဌာနဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

စေတနာရှင်အများပြည်သူများထံမှ ငွေကြေး၊ အဝတ်အထည်၊ တာရှည်ခံ အစားအသောက်များကို အသင်းတည်ရှိရာသို့ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လှူဒါန်းနိုင်ကြောင်း၊ ငွေကြေးနှင့်ပစ္စည်း၊ အစားအသောက်များ လှူဒါန်းလိုပါက အသင်းရုံး ဖုန်း-၀၁-၇၃၀၀၁၉၈၈၊ ဦးမောင်မောင်ခင်(နာယက) ဖုန်း-၀၉-၈၀၃၃၅၈၆၊ ဦးဘထွန်း(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၆၃၃၀၅၊ ဒုတိယဗိုလ်မှူးကြီးခင်အေး(ငြိမ်း) (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၂၀၁၇၈၈၊ ဦးကျော်လင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၁-၇၃၀၄၄၄၂၂၊ ဦးအောင်ကျော်ဇံ (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၃၈၅၁၃၊ ဦးအောင်ဆန်းထွန်း (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၄၀၀၁၁နှင့် ဦးမျိုးလွင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၆၉၈၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖**ကျောဖုံးမှ**

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၆၀ စင်တီမီတာ (နှစ်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၇၅ စင်တီမီတာ (နှစ်ပေခွဲခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်) လက်ရှိရေမှတ်များ၏ အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

**နိုဝင်ဘာလပထမ(၁၀)ရက်ပတ်အတွက် မိုးလေသဝနှင့် ဇလဗေဒခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် လျော့နည်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၇၅ စင်တီမီတာ (နှစ်ပေခွဲခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၆၀ စင်တီမီတာ (နှစ်ပေခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# Fuji Xerox ပစ္စည်းများ Myanmar ICT Exhibition 2010 ပြပွဲတွင် ဝင်ရောက်ပြသမည်




**နေပြည်တော် အောက်တိုဘာ ၂၈**

Concordia Int'L Co., Ltd. က မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိရောင်းချသော အရည်အသွေးမြင့် အကြမ်းခံ Fuji Xerox မိတ္တူကူးစက်များကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Myanmar ICT Exhibition 2010 (ဆိုင်ခန်းအမှတ်F13, F14)တွင် ဝင်ရောက်ခင်းကျင်း ပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Concordia Int'l Co., Ltd.က Fuji Xerox A0 Size မိတ္တူကူးစက်များ၊ A3 Size ကာလာ၊ အဖြူ အမည်း မိတ္တူကူးစက်များ၊ 3in 1, 4in 1 မိတ္တူကူးစက်များ၊ A4, A3 လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် ပြပွဲကာလအတွင်း Model Docu Print C1110B (Colour Laser Printer) များအား ၁၅ ရာခိုင်နှုန်းနှင့် Model Docu Print C 525 (Colour Laser Printer) Toner Cartridge များအား ၃၀ရာခိုင်နှုန်း အသီးသီး လျှော့ချ ရောင်းချသွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း ဝယ်ယူလိုပါက Concordia Int'L Co., Ltd. ရန်ကုန် (၃)လွှာနှင့် (၅)လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆၊ ၀၉-၅၀၆၂၆၀၁နှင့် ၀၉-၈၀၃၁၃၇၃၊ Fax -၉၅၁-၅၄၄၁၉၉၊ မန္တလေး အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ လမ်း(၃၀) (၇၇)လမ်းနှင့် (၇၈) လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈၊ ၀၂-၉၆၃၀၃နှင့် နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် အောက်တိုဘာ ၂၈

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကန့်ဘလူမြို့တွင် ၂ ဒသမ ၉၅လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၃၄လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၂၉ လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၉ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁)** ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၉)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့်ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ ပေါင်(၁၄၀)ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ ဖြင့် အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၀** ရက်နေ့မှ စတင်၍ **၁-၁-၂၀၁၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးနယ်ခြားတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃) ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဖြေဆိုကြရမည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **ပျဉ်းမနားမြို့** (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည် အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များ တွင် **၃၀-၁-၂၀၁၁** မှ **၃၁-၁-၂၀၁၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **(ကျပ်၄၅၀၀၀/-)** ဒုတိယနှစ် **(ကျပ်၄၆၀၀၀/-)** ရရှိမည်။ သင်တန်းအောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထား သည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိသူ(လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် (၅)ပေ(၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၄-၁၁-၂၀၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ ။ နံနက် (၉)နာရီမှ (၁၁)နာရီထိ။

(ခ) ဇီဝဗေဒ ။ နေ့လယ် (၁)နာရီမှ (၃)နာရီထိ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၀-၁၂-၂၀၁၀ ရက်နေ့မှ ၂၃-၁၂-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသောအချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀ဝိ/-)၊ ဒုတိယနှစ်(၄၆၀၀ဝိ/-)၊ တတိယနှစ်(၄၇၀၀ဝိ/-)၊ စတုတ္ထနှစ်(၄၈၀၀ဝိ/-)ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc(Med. Tech)
Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ) B.P.Sc(Radiography)
Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ) B.P.Sc(Physiotherapy)
Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ
  လေလှိုင်းသံ လူသတ်သမား-
  နားမယောင်လေနဲ့ သတိထား။

## ယနေ့ ဆောင်းပါး၊ ကာတွန်း၊ ကဗျာအညွှန်း

**ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃၄၅၆)ပါ ပြဋ္ဌာန်းချက်များတွင် အာဏာ(၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင်ပစ္စည်း ဖြစ်စေရန် ခွဲဝေအပ်နှင်းထားခြင်းမရှိသောကြောင့် အနာဂတ် ဒီမိုကရေစီ အစိုးရခေတ်တွင် အာဏာရပါတီ၊ အဖွဲ့အစည်းဟူ၍မရှိ၊ အတိုက်အခံပါတီလည်းမရှိပေ။**

မောင်စေတနာ (B.A, B.Ed) ၏ "တပ်မတော် အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး" (ဆောင်းပါး) စာမျက်နှာ - (၈ ၊ ၉) »



မြေဇာ၏ "လူနဲ့မှု" (ကာတွန်း) စာမျက်နှာ - (၉) »

**အရေးသုံးပါး ဦးထိပ်တင်**
**စွက်ဖက်မှုများ ပယ်ဆန့်ကျင်**
**အသိအမြင် ကြည်လင်မှ**
**သင်လှ ငါလှ ပြည်လုံးလှ**
**ဒီမိုကရေစီ နှစ်သာရ။**

ပုဏ္ဏဝတီတင့်နှောင်း၏ "အလုပြိုင်ပွဲ" (ကဗျာ) စာမျက်နှာ - (၉) »

## နို့ပရိုတင်းနှင့် ရှံ့စေးတို့ကို ရောစပ်ကာ ပလတ်စတစ်အမျိုးအစားသစ် ထုတ်လုပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၈**

နွားနို့မှရရှိသော ပရိုတင်းနှင့် ရွှံ့စေး(မြေစေး)တို့ကို ရောစပ်ကာ ပလတ်စတစ်အမျိုးအစားသစ်ကို သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း အမေရိကန် ဓာတုဗေဒအသင်းက အောက်တိုဘာ ၂၂ ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြသည်။

ယနေ့ကာလတွင် ပလတ်စတစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာရချိန်၌ သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်ခြင်းမရှိသော ပလတ်စတစ်ကို တီထွင်ဖော်ထုတ်နိုင်ရန် နည်းပညာသစ်များ လိုအပ်လာကြောင်း အမေရိကန် ဓာတုဗေဒအသင်းက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ပလတ်စတစ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အင်တာနက်သတင်း

ဘာသာပြန်-စံစံ

ပလတ်စတစ်အိတ် အစား တစ်ကျော့ပြန် အသုံးပြုနိုင်သောအိတ်များ အသုံးပြုရန် တာဝန်ရှိသူများက ပညာပေးစည်းရုံးနေကြစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*



## ၂၀၁၀ ခုနှစ် နိုဝင်ဘာလပတ်အတွက် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ၅ ရက်မှ ၇ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ညအပူချိန်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက်လျော့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**